ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ရက်၊ သောကြာနေ့၊ (25-6-2010) (ဖြေ၄၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၀ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှား သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အိုင်ဗို ဂျိုဆီပိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Colonel Manoj Mukund Naravane နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Rajesh Kumar တို့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ စစ်သံမှူး Colonel Mitsuji SARATANI နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Yuji SATO တို့အား ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

စာမျက်နှာ ၃ ကော်လံ ၆ သို့☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❋ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❋ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❋ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❋ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❋ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❋ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❋ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❋ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❋ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❋ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၂၅-၆-၂၀၁၀
(သောကြာနေ့)

စက်မှုလုပ်ငန်းများ တိုးချဲ့မြှင့်တင် ကြိုးပမ်း

နိုင်ငံတော်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းနေသည်။ ပြည်တွင်းရှိ သယံဇာတစွမ်းအား၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ စွမ်းအားအရင်းအမြစ်များကိုရယူ၍ ဖန်တီးဖော်ဆောင်လျက်ရှိသည်။ နိုင်ငံတစ်ဝန်း၌ စက်မှုနယ်မြေများ၊ စက်မှုဇုန်များ ထူထောင်နိုင်မှုနှင့်အတူ စက်ရုံ၊ အလုပ်ရုံအသစ်များစွာ ဖွင့်လှစ်နိုင်လျက်ရှိသည်။

ယခုအခါ နည်းပညာထုတ်လုပ်မှုမြင့်မားသည့် စက်ရုံကြီးများ ထူထောင်လာနိုင်ပြီ။ ဒီဇယ်အင်ဂျင်များ၊ အကြီးစားစက်နှင့် စက်ကိရိယာပစ္စည်းများ၊ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာများ ထုတ်လုပ်နေကြပြီ။ လူသုံး အိမ်သုံးကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းများ၊ စက္ကူနှင့် ပျော့ဖတ်၊ ပလတ်စတစ်၊ အဆင့်မြင့် မီးခံအုတ်၊ ဘိလပ်မြေ၊ တာယာနှင့် ရော်ဘာပစ္စည်းစသည်တို့ကိုလည်း ထုတ်လုပ်လျက်ရှိသည်။

မကွေးတိုင်း၊ ချောက်မြို့နယ်တွင် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံကို တည်ထောင်ထားသည်။ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်ကို စက်မှုလုပ်ငန်းများ၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် သတ္တုတူးဖော်သန့်စင်ရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုနိုင်သည်။ အဆင့်မြင့်ကြွေသီးစက်ရုံ(ချောက်)မှ ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်မည့် အဆင့်မြင့်ကြွေသီးများ စမ်းသပ်ထုတ်လုပ်လျက်ရှိသည်။

စက်မှုနယ်မြေများ၊ စက်မှုဇုန်များ ထူထောင်နိုင်မှုနှင့်အတူ စက်ရုံ၊ အလုပ်ရုံအသစ်များ တည်ဆောက်ဖွင့်လှစ်ရာတွင် သွင်းကုန်အစားထိုးစက်ရုံအများအပြားပါဝင်သည်။ ကုန်ထုတ်လုပ်မှု လုပ်ငန်းများလည်း အရှိန်အဟုန်ရရှိနေပြီ။ ဈေးကွက်တွင် နိုင်ငံတကာထွက်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ဖြန့်ဖြူးရာ၌ အရည်အသွေးမီ၊ စံချိန်စံညွှန်းမီ ထုတ်လုပ်နိုင်ရေး အလေးထားကြရပေမည်။ ဝယ်လိုအားများသော ပစ္စည်းများတိုးမြှင့် ထုတ်လုပ်ရေး၊ သုံးစွဲသူများ စိတ်ကြိုက် တီထွင်ထုတ်လုပ်နိုင်ရေးတို့ကိုလည်း မျက်ခြည်မပြတ် ကြိုးပမ်းကြရပေမည်။

နိုင်ငံတော်က စက်မှုလုပ်ငန်းများ အောင်မြင်စွာ လုပ်ကိုင်နိုင်ရေးအတွက် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များနှင့်အညီ အားပေးပံ့ပိုးကူညီလျက်ရှိသည်။ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌သာမက ပြည်ပနှင့်ပါ ချိတ်ဆက်လုပ်ကိုင်နိုင်ရေးအတွက် လုပ်ငန်းများ တိုးချဲ့မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်သည်။

ခေတ်မီစက်ရုံ၊ အလုပ်ရုံများ၊ သွင်းကုန်အစားထိုးစက်ရုံများ တိုးချဲ့လုပ်ကိုင်လာနိုင်ခြင်းသည် စက်မှုကဏ္ဍဖွံ့ဖြိုးလာမှုကို ဖော်ညွှန်းနေသည်။ စက်ရုံ၊ အလုပ်ရုံတိုင်းက စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ ဈေးကွက်လိုအပ်ချက်နှင့်အညီ အရည်အသွေးစံချိန်စံညွှန်းမီ ကုန်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။



ကတ္တရာလမ်းခင်း

မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ (၁)ရပ်ကွက် သနပ်ခါးတောလမ်း အရှည် ၈၂၂ ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လာရောက်တွေ့ဆုံ

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Zeljko Bosnjak လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးစိုးနိုင်အား ခရိုအေးရှားသမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Zeljko Bosnjak သည် ဇွန် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ- ခရိုအေးရှား နှစ်နိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇွန် ၁၁ ရက်က ပြည်ပရောက်လုပ်သားများကိုယ်စား အမှတ်(၇၇) ပန်းဆိုးတန်းလမ်း (အောက်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ သုခစုစံ ပြည်ပအလုပ်အကိုင် ရှာဖွေရေးကုမ္ပဏီမှ ဝန်ထမ်းမိသားစုများနှင့် Mr. David Leogn တို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် နဝကမ္မ ငွေပဒေသာပင်အတွက် အလှူငွေကျပ် ရှစ်သိန်း လှူဒါန်းကြစဉ်။

(သတင်းစဉ်)

Research Methodology သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ကာကွယ်ရေးနှင့် လူမှုဆေးပညာအဖွဲ့ကကြီးမှူးပြီး စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးအစီအစဉ် (Continuing medical education) အရ Research Methodology သင်တန်းကို ဇူလိုင် ၁၇-၁၈၊ ၂၄-၂၅ ရက်များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(ဘီ)၌ ဆေးတက္ကသိုလ်များမှ ပါမောက္ခများနှင့် သုတေသနမှူးများက သင်တန်းပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် ဆေးတက္ကသိုလ်(၁)နှင့် (၂)ရှိ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနများနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတွင် ဇူလိုင် ၁ရက် မှစတင်၍ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာနိုင်ငံဆရာဝန်အသင်း)

စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်းနိုင်ငံအခြေစိုက် TAITRA တို့ ပူးပေါင်း၍ နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရန် စီစဉ်ထားရာ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် UMFCCI သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၂၁၄၃၄၄နှင့် ၂၁၄၃၄၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ဂန့်ဂေါ ဇွန် ၂၄

ဂန့်ဂေါမြို့နယ် ရပ်ကွက်၊ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇွန် ၁၉ ရက် နံနက် ၈နာရီက ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ကျင်းပရာ မကွေးတိုင်းကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးခင်မောင်လှိုင်၊ ဂန့်ဂေါခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဌ ဦးညွန့်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ကျေးရွာ ကော်မရှင် အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။ ဖွင့်ပွဲတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဌ ဦးလှကြိုက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

(၄၆၅)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ အဖွဲ့ပိုင်ဈေးအတွင်းသား၊ ငါးတန်းများ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၆-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၉။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၅၀ ၅။ မဟာဂီတချိုကြည်မြ
၅:၀၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၁၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေဘဝဲများအကြောင်း (အပိုင်း-၁)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၃၀ ၁၄။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
၆:၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၂၄)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) - ပေါ်တူဂီ နှင့် ဘရာဇီး**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

၂၆-၆-၂၀၁၀ ရက် (စနေနေ့)

၁:၀၀ ၁။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) - ချီလီ နှင့် စပိန်**

❖ရှေ့ဖုံးမှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုပို၏

ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်းများ အဆင့်မြှင့်တင်တိုးချဲ့မှု ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၂ ရက် နံနက် ၉ နာရီခွဲတွင် မိုင်းဆတ်တပ်နယ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအားကြည့်ရှု၍ အားပေးစကားပြောကြားကာ ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် မိုင်းဆတ်လေဆိပ်လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်တိုးချဲ့မည့် လုပ်ငန်းအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆေးဝါးများပေးအပ်

ယင်းနောက် မိုင်းဆတ်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးသိုလှောင်ခန်းနှင့် ယာယီခွဲစိတ်ခန်း၊ ခွဲစိတ်ခန်း အသစ်တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ရေပူစမ်းရွာရှိ ရေပူစမ်း အပန်းဖြေစခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးကာ အပန်းဖြေစခန်း သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မိုင်းခုတ်မြို့နယ် ရှခင်းသာကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ မိုင်းခုတ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်းရှိ တည်ဆောက်ဆဲတံတားနှင့် လမ်းသားမြှင့်တင်မှုဆောင်ရွက်ရမည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် တိုင်းမှူး လိုက်ပါလျက် ဇွန် ၂၃ ရက် နံနက် ၈ နာရီခွဲတွင် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်း မိုင်တိုင်အမှတ် (၂၂) ရှိ ဝမ်တာပုံတံတားသို့ ရောက်ရှိပြီး တံတားကြံ့ခိုင်မှု အခြေအနေများနှင့် မိုးရာသီ ချောင်းရေစီးဆင်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း လမ်းနှင့် မိုင်းခတ်-မိုင်းညှင်းလမ်းတို့ရှိ တံတားများကြံ့ခိုင်မှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုင်းယန်း တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် မိုင်းယန်းမြို့ (၂၅) ခုတင်ဆံ့ ဆေးရုံသစ်တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိပြီး ဆေးရုံသစ် တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုင်းခတ်တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများနှင့်တွေ့ဆုံကာ အမှာစကား ပြောကြားပြီး စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ဒုတိယ တပ်မတော်မှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မိုင်းဆတ်လေဆိပ်လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပညာပေးဟောပြော

ဘားအံ ဇွန် ၂၄

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲအခမ်းအနားကို ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ပညာရေးကောလိပ်၌ ဇွန် ၂၂ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားသို့ ဘားအံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘားအံ ပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ၊ ဆရာမများ၊ လေ့ကျင့်ရေးမူလတန်းကျောင်းမှ ဆရာမလောင်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး ဥပဒေရေးရာ ဆေးပညာဌာန အထူးကု ဆရာဝန်ကြီး ဒေါက်တာတင်နွယ်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ကျန်းမာရေးဆိုင်ရာများကို လည်းကောင်း၊ ဥပဒေအရာရှိ ဦးဆန်းလင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအကြောင်းကိုလည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ဝင်းက မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးဆိုင်ရာ အသိပညာများကိုလည်းကောင်း ဟောပြောပြီး ဘားအံပညာရေး ကောလိပ်မှ ကျောင်းအုပ် ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ (ပြည်နယ်ပြန်/ဆက်)

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းတူးဖော်ရှင်းလင်းခြင်းအား အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းနှင့် အမှုဆောင်အရာရှိ ဦးငွေးနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

နေပြည်တော် ဇွန် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီတွင် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ညွန့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်မောင်ကြည်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဦးရွှေမန်းက အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအောင်နိုင်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေနှင့် နည်းဥပဒေများကိုလည်းကောင်း၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင် ဦးမြင့်သိန်းက ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ကိုလည်းကောင်း၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးသက်ကျော်က မြို့နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၄၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရေး ငါးမျိုးစိုက်ထည့်

မင်းလှ ဇွန် ၂၄

ပဲခူးတိုင်း သာယာဝတီခရိုင် မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ငါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဇွန် ၈ ရက်က ကံတင်ဘီးလင်းဆည်၌ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနား ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်နှင့် ဝန်ထမ်းများ၊ အုတ်ဖို ငါးသားပေါက်စခန်း တာဝန်ခံ ဦးသန်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဆည်မြောင်းဦးစီးမှူးဦးစံမင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကံတင်ဘီးလင်းဆည်အတွင်းသို့ ငါးခုံးမငါးသားပေါက် ကောင်ရေ သုံးသိန်းခန့် မျိုးစိုက်ထည့်ပေးသည်။

(အောက်ပုံ)

(မြို့နယ်ငါးလုပ်ငန်းဦးစီး)



မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း၊ တံတားရန်ပုံငွေဖြင့် ဆောင်ရွက်ရန်ဖြစ်သော ထိန်ကန်ကြီးရွာ အဝင်လမ်းပေါ်ရှိ သစ်သားတံတား ပေ ၃၀×၁၄ ပေ ဆောက်လုပ်နေမှုကို အမှုဆောင်အရာရှိ (လက်ထောက် ညွှန်ကြားရေးမှူး) ဦးထွန်းအောင်ခင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဇော်မင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့် ပြည့်နေသော ငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြသည်။

ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက "ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)"အရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ဘီလာရုစ်သို့ ဓာတ်ငွေ့တင်ပို့မှု ၆၀ ရာခိုင်နှုန်း ရုရှားလျှော့ချ

မော်စကို ဇွန် ၂၄

ဘီလာရုစ်နိုင်ငံသို့ ပေးပို့လျက်ရှိသော သဘာဝဓာတ်ငွေ့ပမာဏ၏ ၆၀ ရာခိုင်နှုန်းကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီမှစတင်၍ ဖြတ်တောက်လိုက်ပြီဖြစ်ကြောင်း ရုရှားဓာတ်ငွေ့ကုမ္ပဏီ ဂက်စ်ပရွန်၏အမှုဆောင်အရာရှိချုပ် အလက်(ခ်)အီးမီလာက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ဂက်စ်ပရွန်သည် ကနဦး ဖြတ်တောက်မှုအဖြစ် တနင်္လာနေ့တွင် ၁၅ ရာခိုင်နှုန်းနှင့် အင်္ဂါနေ့နေ့တွင် ၃၀ ရာခိုင်နှုန်းခန့် ဖြတ်တောက်ခဲ့သည်။

ဖြတ်တောက်

ဘီလာရုစ်က ဓာတ်ငွေ့ကြွေးကျန်များကို လာမည့်ရက်များအတွင်း ပေးဆပ်ခြင်းမပြုခဲ့လျှင် ၈၅ ရာခိုင်နှုန်းအထိ ဖြတ်တောက်မည်ဟု ယင်းကုမ္ပဏီက သတိပေးထားသည်။

၎င်းတို့နိုင်ငံအနေဖြင့် ရုရှားသို့ ကြွေးဆပ်ရန်အတွက် ချေးငွေရမည်ဆိုလျှင်သော်မှ ချေးငွေ၍ နှစ်ပတ်အတွင်းပေးဆပ်ပါမည်ဟု ဘီလာရုစ်ဒုတိယဝန်ကြီးချုပ် ဗလာဒီမာဘီမက်ချ်ကိုက တနင်္လာနေ့တွင် ကတိကဝတ်ပြုပြီးနောက် ဂက်စ်ပရွန်က ဤသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဥရောပ ပါလီမန်ဥက္ကဋ္ဌ(အီးယူ)ဂျာဇီဘူဇက်က ရုရှားနှင့်ဘီလာရုစ်ဓာတ်ငွေ့ကိစ္စအငြင်းပွားမှုတွင် ကြားဝင်စွက်ဖက်မည်မဟုတ်ကြောင်း အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

အမ်အင်အော၊ရိုက်တာ။

ဘီလာရုစ်နိုင်ငံ မင်နက်စ်မြို့အနီးရှိ ယာမဲလ်-ဥရောပ ဓာတ်ငွေ့ပေးပို့သည့် စက်ရုံ၌ ဘီလာရုစ်နိုင်ငံ ဓာတ်ငွေ့လုပ်သားများအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

၂၀ ရာခိုင်နှုန်းသန့်စင်ပြီးယူရေနီယံ ၁၇ ကီလိုဂရမ် ထုတ်လုပ်ပြီးကြောင်း အီရန်ကြေညာ

တီဟီရန် ဇွန် ၂၄

အီရန်နိုင်ငံသည် ၂၀ရာခိုင်နှုန်းသန့်စင်ထားသော ယူရေနီယံ ၁၇ ကီလိုဂရမ်ကို ထုတ်လုပ်ပြီးဖြစ်ကြောင်း နျူကလီးယားစွမ်းအင်ဌာနအကြီးအကဲက ဗုဒ္ဓဟူးနေ့တွင် ကြေညာခဲ့သည်။

ယင်းသို့ကြေညာခြင်းသည် အငြင်းပွားလျက်ရှိသော နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းရန် ကုလသမဂ္ဂ၏ တောင်းဆိုမှုကို အာခံခြင်းဖြစ်သည်ဟုဆိုသည်။

ဆေးဘက်ဆိုင်ရာသုတေသန နျူကလီးယားဓာတ်ပေါင်းဖိုအတွက် လောင်စာအဖြစ် အသုံးပြုရန်လိုအပ်သော ၂၀ရာခိုင်နှုန်းသန့်စင်ထားသည့် ယူရေနီယံသည် နျူကလီးယားလက်နက်ထုတ်လုပ်ရန်အတွက် ရာခိုင်နှုန်းပြည့်မီရန် လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်သည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်ထုတ်လုပ်ရန် ကြိုးစားလျက်ရှိသည်ဟု အမေရိကန် ပြည်ထောင်စုနှင့်အနောက်အုပ်စု၏ စွပ်စွဲချက်များကို တီဟီရန်က ငြင်းဆိုသည်။ ၎င်းတို့၏ နျူကလီးယားအစီအစဉ်သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက်သာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။

၎င်းတို့နိုင်ငံက တစ်လလျှင် ယူရေနီယံ ငါးကီလိုဂရမ်သန့်စင်နိုင်စွမ်းရှိသော်လည်း ယင်းကိစ္စကိုအလျင်စလိုဆောင်ရွက်မည်မဟုတ်ကြောင်း၊ ယူရေနီယံ သန့်စင်သည့်လုပ်ငန်းကို ဖေဖော်ဝါရီလတွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ သန့်စင်ပြီး ယူရေနီယံ ၁၇ ကီလိုဂရမ် ရှိပြီဖြစ်ကြောင်း ဒုတိယသမ္မတ အလီအက္ကဘာဘာလီဟီက ပြောကြားခြင်းကို အိုင်အက်စ်အန်အေ သတင်းဌာနက ကိုးကားဖော်ပြသည်။

အမ်အင်အော၊ရိုက်တာ။

စပိန်နိုင်ငံ ကာစတဲလ်ဒီဖဲလ်ဒေသရှိ လမ်းဆုံ၌ ရထားလမ်းဖြတ်ကူးလာသူလူအုပ်စုအား အမြန်ရထားတိုက်မိမှု ဖြစ်ပွားသည့်နေရာတွင် ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့များ စစ်ဆေးနေသည်ကို ဇွန် ၂၄ ရက်ကတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စပိန်အမြန်ရထား လူအုပ်ကိုဝင်တိုက် ၁၂ ဦးထက်မနည်း သေဆုံး

မဒရစ် ဇွန် ၂၄

စပိန်နိုင်ငံတွင် အမြန်ရထားတစ်စင်းသည် ရထားလမ်းကို ဖြတ်ကူးနေသော လူငယ်တစ်စုကို တိုက်မိခဲ့ရာ ၁၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ကြာသပတေးနေ့ သတင်းများတွင် ဖော်ပြသည်။

အဆိုပါအမြန်ရထားသည် ဘာစီလိုနာမြို့အနီး ကာစတဲလ်ဒီဖဲလ်ပလာယာဘူတာရုံကို ဖြတ်သန်းခုတ်မောင်းနေစဉ် အဆိုပါမတော်တဆမှု ဖြစ်ပွားခဲ့ပြီး လူ ၁၄ ဦးထက် မနည်း ဒဏ်ရာရရှိပြီး သုံးဦးမှာ စိုးရိမ်ဖွယ် အခြေအနေရှိသည်ဟု အရာရှိများက ပြောကြားသည်။

တိုက်ခံရ

အဆိုပါလူအုပ်သည် နွေရာသီပွဲတော်ကျင်းပရာ ကမ်းခြေသို့ ဦးတည်သွားရာတွင် မြေအောက်လူကူးလမ်းအောက်မှမသွားဘဲ ရထားလမ်းကို ဖြတ်ကျော်သွားရောက်နေစဉ် ရထားတိုက်ခံရခြင်းဖြစ်သည်။

၎င်းတို့အဖွဲ့သည် ဘာစီလိုနာမြို့မှ ခုတ်မောင်းလာသောရထားတစ်စင်း၌ လိုက်ပါစီးနင်းလာသူများဖြစ်သည်။ မြေအောက် လူကူးလမ်းညွှန်ဆိုင်းဘုတ်လည်း ထောင်ထားပြီး လမ်းကြောင်းကိုလည်း ဖွင့်ထားသည်ဟု အာဏာပိုင်များက ပြောကြားသည်။

အမ်အင်အော၊ဆင်ဟွာ။

ပါကစ္စတန်၌ အမေရိကန်နိုင်ငံသား ငါးဦးကို အကြမ်းဖက်မှုဖြင့် ထောင်ဒဏ်စီရင်

ဆာရိုဒါ (ပါကစ္စတန်) ဇွန် ၂၄

ပါကစ္စတန်နိုင်ငံအတွင်း၌ စစ်သွေးကြွများနှင့် အင်တာနက်မှတစ်ဆင့် ဆက်သွယ်မှုနှင့် အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်မှုတို့ဖြင့် တရားစွဲဆိုခံထားရသော အမေရိကန်နိုင်ငံသားငါးဦးကို ပါကစ္စတန်တရားရုံးတစ်ရုံးက ကြာသပတေးနေ့တွင် ဆယ်နှစ်စီထောင်ဒဏ်အပြစ်ပေးလိုက်ကြောင်း အစိုးရရှေ့နေတစ်ဦးက ပြောကြားသည်။

အသက်နှစ်ဆယ်ဝန်းကျင်စီသာရှိသော အဆိုပါ အမေရိကန်နိုင်ငံသားငါးဦးကို အစ္စလာမ္မာဘတ်မြို့၏ အရှေ့တောင်ဘက် မိုင် ၁၂၀ အကွာ ပါကစ္စတန်နိုင်ငံအလယ်ပိုင်း ဆာဂိုဒါမြို့တော်၌ ဒီဇင်ဘာလအတွင်းက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

၎င်းတို့သည် ပြစ်မှုနှစ်ခုစီကျူးလွန်သည့်အတွက် ပထမပြစ်မှုအတွက် ထောင်ဒဏ် ၁၀ နှစ်စီ၊ နောက်ပြစ်မှုအတွက် ငါးနှစ်စီနှင့် ဒဏ်ငွေ ရူပီး ၇၀၀၀၀ (၈၂၀ ဒေါ်လာ) ပေးဆောင်ကျခံစေရန် စီရင်ချက်ချမှတ်ကြောင်း ဒုတိယအစိုးရရှေ့နေ ရာနာဆတ်တီယာက ပြောကြားသည်။

ပြစ်ဒဏ်များကို တစ်ပေါင်းတည်း ကျခံရမည်ဖြစ်သည်။ ယင်းအကျဉ်းသားများကို အကျဉ်းထောင်အတွင်း ၁၀ နှစ်ကြာထားရှိပြီးနောက် ကျန်ပြစ်ဒဏ်ကို ဆက်လက်ကျခံစေရန် တရားရုံးချုပ်သို့ တောင်းဆိုသွားမည်ဖြစ်ကြောင်း ရာနာဆတ်တီယာက ပြောကြားသည်။

အဆိုပါ အမေရိကန်ငါးဦးတွင် ပါကစ္စတန်နိုင်ငံဖွားနှစ်ဦးပါဝင်၍ ကျန်သုံးဦးမှာ အီဂျစ်၊ ယီမင်နှင့် အီရီထရီယားနိုင်ငံဖွားများ ဖြစ်ကြသည်။

အမ်အင်အော၊ရိုက်တာ။

ပါကစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်း ပန်ဂျပ်ပြည်နယ် ဆာဂိုဒါမြို့ရှိ တရားရုံးသို့ အမေရိကန်နိုင်ငံသား ငါးဦးအား ရဲတပ်ဖွဲ့ဝင်များခေါ်ဆောင်လာသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုတွင် မူးယစ်ဂိုဏ်းသားများသောင်းကျန်း ရဲအရာရှိသုံးဦး သေဆုံး

မက္ကဆီကိုစီးတီး ဇွန် ၂၄

မက္ကဆီကိုနိုင်ငံ မြောက်ပိုင်း၌ တနင်္လာနေ့ညပိုင်းက သေနတ်သမားတစ်စုက မြို့တော်ခန်းမတစ်ခုအတွင်းသို့ ဒလစပ်ပစ်ခတ်ရာ အနည်းဆုံးရဲတပ်ဖွဲ့အရာရှိသုံးဦး သေဆုံးခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့ရုံးခန်းဖွင့်လှစ်ထားသော လော့စ်ဟာရီးရပ်(စ်)မြူနီစီပယ်ရုံး၏ အပြင်ဘက်တွင် သေနတ်သမားများ ကိုင်ဆောင်သော ရိုင်ဖယ်သေနတ်များမှ ကျည်ခွံ ၂၀၀ ကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ကြောင်း နျူဗိုလီယွန်ပြည်နယ် ရှေ့နေချုပ်ရုံးက ပြောကြားသည်။

အဆိုပါလက်နက်အမျိုးအစားများကို မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းများမှ လူသတ်သမားများက ကိုင်ဆောင်လေ့ရှိသည်။

၎င်းတို့စီးလာသောကားတွင် ဇက်-၄၀ ဟု ရေးထားကြောင်း၊ “ဇက်”ကို တံခါးပေါက်များတွင် ရေးထားကြောင်း၊ ဇီးတပ် (ZETAS) မူးယစ်ဆေးဝါးဂိုဏ်း၏ အမှတ်အသား ဖြစ်ဖွယ်ရာရှိကြောင်း အစိုးရရှေ့နေများက ပြောသည်။

အမ်အင်အော၊ရိုက်တာ။

ကွန်ဂိုရထား လျှိုထဲထိုးကျ၍ ၇၆ ဦးသေဆုံး

ဘရာဇာ(ကွန်ဂို) ဇွန် ၂၄

ကွန်ဂိုနိုင်ငံတွင် ရထားတစ်စင်း လမ်းချော်၍ လျှိုတစ်ခုအတွင်းသို့ ထိုးကျသွားရာ ခရီးသည် ၇၆ ဦးခန့် သေဆုံးပြီး ၄၅၀ ခန့် ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

ပွန့်နွိုင်ရီမြို့မှ မြို့တော်ဘရာဇာဗီလီ သို့ ခုတ်မောင်းလာသော ရထားသည် တနင်္လာနေ့ညနှောင်းပိုင်းတွင် မတော်တဆ ဖြစ်ခဲ့ရခြင်းဖြစ်သည်။

အင်္ဂါနေ့ မွန်းလွဲပိုင်းတွင် အလောင်း ၇၆ လောင်းခန့် ပြန်လည်သယ်ထုတ်နိုင်ခဲ့ပြီး ဒဏ်ရာရသူ ခရီးသည် ၄၅၀ ခန့်ကို ဆေးရုံတင်ကုသပေးလျက်ရှိကြောင်း ပွန့်နွိုင်ရီမြို့ အဒိုးလ်ဖီးစစ်စီးဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တနင်္လာနေ့ညက အလောင်း ၄၈ လောင်း သယ်ထုတ်နိုင်ခဲ့ကြောင်း၊ သေဆုံးသူအရေအတွက် တိုးလာဖွယ်ရှိကြောင်း အစိုးရက ကြေညာခဲ့သည်။

ပွန့်နွိုင်ရီမြို့မှ မိုင် ၄၀ ခန့်အကွာ ရန်ဂျာဘူတာရုံအနီးတွင် ရထားလမ်းချော်ပြီး ကုန်တွဲလေးတွဲ လျှိုထဲသို့ထိုးကျသွားခဲ့သည်ဟု အစိုးရ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အော၊ရိုက်တာ။

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း နေတိုးတပ်ဖွဲ့ဝင် ၁၀ ဦးသေဆုံး

ကဘူး ဇွန် ၂၄

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းတွင် ဇွန် ၂၃ ရက်က နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ဝင် (အိုင်အက်စ်အေအက်ဖ်) ၁၀ ဦး သေဆုံးခဲ့သည်။ ၂၀၀၁ ခုနှစ် နှောင်းပိုင်း တာလီဘန်အစိုးရ ကျရှုံးချိန်မှစ၍ နိုင်ငံခြားတပ်ဖွဲ့ဝင်များ သေဆုံးမှုအများဆုံးလများတွင် ဇွန်လပါရှိနိုင်သည်ဟု မဟာမိတ်အဖွဲ့၏ အတည်ပြုချက်ကို ဇွန် ၂၄ ရက် သတင်းစာ၌ ဖော်ပြထားသည်။

တာလီဘန်စစ်သွေးကြွများ ခြေကုပ်ယူထားသော အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ ယာဉ်မတော်တဆမှုကြောင့် နိုင်ငံခြားတပ်ဖွဲ့ဝင် လေးဦး ဗုဒ္ဓဟူးနေ့က သေဆုံးခဲ့သည်ဟု နောက်ဆုံးဖြစ်ပျက်မှုတစ်ရပ်ကို သတင်းစာ၌ ဖော်ပြထားသည်။

အကြမ်းဖက်လုပ်ရပ်များ ပျံ့နှံ့နေသော အာဖဂန်နစ္စတန်အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင် လက်လုပ်ဗုံးကြောင့်လည်း တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ်အတွင်း လက်လုပ်ဗုံးများကြောင့် နေတိုးတပ်ဖွဲ့ဝင် ၂၉၀ ကျော် သေဆုံးခဲ့သည်။

အမ်အင်အော၊ဆင်ဟွာ။

(25-6)04.pmd 1 6/25/2010, 3:38 AM

သီရိလင်္ကာ၌ ဗုံးပေါက်ကွဲ၍ ကိုးဦး ဒဏ်ရာရရှိ

ကိုလံဘို ဇွန် ၂၄

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တော်၏ ကူးသန်းရောင်းဝယ်ရေးအချက်အချာဒေသတွင် ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ လူကိုးဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။

အဆိုပါမြို့တော် ပက်တက်ချ်ဒေသတွင် ဇွန် ၂၃ ရက်က ဗုံးပေါက်ကွဲခဲ့ ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ဒဏ်ရာအနည်းငယ်ရရှိသွားသူ ကိုးဦးကို ကိုလံဘိုအမျိုးသားဆေးရုံသို့ တင်ပို့ခဲ့သည်ဟု ဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ထိုတိုက်ခိုက်မှုကို တမီလ်သူပုန်များက နောက်ကွယ်မှ လုပ်ဆောင်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ထုတ်ဖော်ကြေညာသည်။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တော်ရှိ ကူးသန်းရောင်းဝယ်ရေး အချက်အချာဒေသတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆေးနေသည်ကို ဇွန် ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထိုဗုံးဖောက်ခွဲမှုသည် ပုဂ္ဂလိက ကဏ္ဍ သွေးကြွေးဆပ်ခြင်းဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြား ချက်ကို ကိုးကား၍ အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ဆယ်စုနှစ်များစွာ ပြည်တွင်းစစ် ဖြစ်ခဲ့ပြီးနောက် ယမန်နှစ် မေလအတွင်း အစိုးရတပ်ဖွဲ့က တမီလ်ကျားသူပုန်များကို အောင်နိုင်ခဲ့ချိန်မှစ၍ ကိုလံဘိုမြို့တော်၌ ပထမဆုံး ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှု ဖြစ်သည်။

ပက်တတ်ချ်ဒေသတွင် ဒုစရိုက်ဂိုဏ်းနှင့် အမြတ်ကြီးစား စီးပွားရေးသမားများကြား၌ ပဋိပက္ခများ ဖြစ်ပေါ်လေ့ရှိသည်ဟု သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်အထူးသံတမန် ရစ်ချက်ဟော်ဘရုခ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်အထူးသံတမန်၏ ရဟတ်ယာဉ် တာလီဘန်တို့ ပစ်ခတ်

ကဘူး ဇွန် ၂၄

အာဖဂန်နစ္စတန်နိုင်ငံ၌ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာသည်ဆိုသော်လည်း အာဖဂန်နစ္စတန်နှင့် ပါကစ္စတန် ဆိုင်ရာ အမေရိကန်အထူးသံတမန် ရစ်ချက်ဟော်ဘရုခ်ကို တိုက်ခိုက်ရေးသမားများက သေနတ်များ၊ မော်တာများဖြင့် ပစ်ခတ်ခဲ့ကြသည်။

ဟော်ဘရုခ် စီနင်းလိုက်ပါလာသော ရဟတ်ယာဉ် မြေပြင်သို့ဆင်းသက်ရန် ကြိုးပမ်းစဉ် စစ်သွေးကြွများက ပစ်ခတ်ခဲ့ကြသည်ဟု အာဖဂန်နစ္စတန် တာဝန်ရှိသူများက ဇွန် ၂၂ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ အမေရိကန်အထူးသံတမန်သည် မာဂျာဒေသရှိ ဟဲလ်မန့်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် အမေရိကန်တပ်ဖွဲ့များအား တွေ့ဆုံရန် သွားရောက်ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ရောက်ရှိနေသည့် အမေရိကန်တပ်ဖွဲ့အင်အား ၁၅၀၀၀ ပါဝင်သော ထိုးစစ်တစ်ရပ် မဆင်နွှဲမီ ဟော်ဘရုခ်သည် အမေရိကန် ဗိုလ်ချုပ်ကြီး စတန်လေမက်ခရစ္စတယ်နှင့် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ကာလ်နက် ကန်ဘာရီနှင့်အတူ အာဖဂန်နစ္စတန်တစ်ဝန်း ခရီးလှည့်လည်လျက်ရှိသည်။

ယင်းအပြင် အာဖဂန်တာဝန်ရှိသူများနှင့် ဟော်ဘရုခ် တွေ့ဆုံရန် ရွေးချယ်ထားသော နေရာအနီးရှိ ဆိုင်တစ်ဆိုင်တွင် တာလီဘန် ဗုံးခွဲသမားများ ဝင်ရောက်ပုန်းခိုနေကြကြောင်း၊ အချိန်မတိုင်မီ ပေါက်ကွဲခဲ့သော ဗုံးကြောင့် ဗုံးခွဲသမားများ သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ထိုဗုံးပေါက်ကွဲမှုကြောင့် အခြားထိခိုက် သေဆုံးမှုများနှင့် ပတ်သက်၍ မသိရသေးပေ။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

စစ်သွေးကြွ လက်ထောက်တပ်မှူးချုပ် ကက်ရှ်မီးယား၌ သေဆုံး

ကက်ရှ်မီးယား ဇွန် ၂၄

စစ်ဘက်ကအလိုရှိနေသော စစ်သွေးကြွလက်ချ် ကားအီးတိုင်ဘာအဖွဲ့ (အယ်လ်အီးတီ)မှ လက်ထောက်တပ်မှူးချုပ် အဘူဇူဘာသည် အိန္ဒိယထိန်းချုပ်သော ကက်ရှ်မီးယားဒေသ၌ အိန္ဒိယလုံခြုံရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဇူဘာသည် လေးနှစ်ကျော်မျှ ဒေသမတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က အလယ်ပိုင်း အရန်ရဲတပ်ဖွဲ့ (စီအာရ်ပီအက်ဖ်)မှ ရဲတပ်ဖွဲ့ဝင် လေးဦး သေဆုံးမှု အပါအဝင် နိုင်ငံတွင်းဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများ၌ ပါဝင်ခဲ့သူဖြစ်သည်ဟု ကက်ရှ်မီးယားရဲတပ်ဖွဲ့ ထောက်လှမ်းရေးမှူးချုပ် ဖရိုအာမက်ဒ်က အင်္ဂါနေ့က ပြောကြားခဲ့သည်။

အိန္ဒိယလုံခြုံရေးတပ်ဖွဲ့သည် တိုက်ပွဲဖြစ်ပွားပြီးနောက် ဇူဘာ၏ အလောင်းကို တွေ့ရှိခဲ့ပြီး အေကေ ၄၇ ရိုင်ဖယ်တစ်လက်ကိုလည်း သိမ်းဆည်းရမိခဲ့သည်။ ထိုတိုက်ပွဲ၌ ရဲတပ်ဖွဲ့ဝင်တစ်ဦးလည်း သေဆုံးခဲ့သည်ဟု သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါလက်စတိုင်းသား ၂၁ ဦးကို အစ္စရေးတပ်ဖွဲ့ ဖမ်းဆီး

ဂျေနင် ဇွန် ၂၄

အနောက်ဘက်ကမ်းဒေသတောင်ပိုင်း ဒိုရာမြို့၌ ပါလက်စတိုင်းသား ၂၁ ဦးကို အစ္စရေးတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်ဟု ဒေသဆိုင်ရာသတင်းဌာနက ဖော်ပြသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် အနောက်ဘက်ကမ်းဒေသကို ကျူးကျော်ဝင်ရောက်ခဲ့ပြီး နေအိမ် ၁၂ လုံးနှင့်အထက်ကို ဖျက်ဆီးခဲ့သည်ဟု အိုင်အမ်အီးအမ်စီ ပါလက်စတိုင်း သတင်းဌာနက ဇွန် ၂၂ ရက်တွင် ဖော်ပြခဲ့သည်။

အနောက်ဘက်ကမ်းဒေသမြောက်ဘက် ဂျီဒင်မြို့အနီး ဇာဘိုဘာမြို့ကိုလည်း အစ္စရေးတပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ခဲ့ပြီး ထိုဒေသတစ်ဝိုက်ကို ပိတ်ဆို့ကာ နေအိမ်များကို ချိုးဖျက်ဝင်ရောက်၍ ရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ အစ္စရေးတပ်ဖွဲ့သည် ဒေသခံ ပါလက်စတိုင်းသား ၁၀ ဦးကို စစ်ဆေး မေးမြန်းရန်အတွက် အနီးရှိ စစ်ဘက်အခြေစိုက်စခန်းသို့ ခေါ်ဆောင်သွားကြသည်။ အနောက်ဘက်ကမ်းသို့ ကျူးကျော်ဝင် ရောက်လာစဉ် အစ္စရေးတပ်ဖွဲ့များသည် မျက်ရည်ယိုဗုံးနှင့် မေ့ဆေးဗုံးများကို ဖောက်ခွဲခဲ့သည်ဟု ဒေသဆိုင်ရာသတင်းရပ်ကွက်က ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါလက်စတိုင်း ကလေးတစ်ဦးအား အစ္စရေးတပ်ဖွဲ့ဝင်က လိုက်လံဖမ်းဆီးနေသည်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒုံးပျံကာကွယ်ရေးစနစ်တည်ဆောက်ရေး ပူးပေါင်းဆောင်ရွက်ရန် ရုရှားကို အမေရိကန် အဆိုပြု

မော်စကို ဇွန် ၂၄

အမေရိကန်ပြည်ထောင်စု၏ ဒုံးပျံကာကွယ်ရေးစနစ် တည်ဆောက်မှုအစီအစဉ်တွင် ရုရှား နိုင်ငံအနေဖြင့် ပူးပေါင်းပါဝင်၍ အမေရိကန်သမ္မတ ဘာရက် အိုဘားမားက တိုက်တွန်းပြောကြားခဲ့ကြောင်း ကြာသပတေးနေ့သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ဒုံးပျံကာကွယ်ရေးစနစ်တည်ဆောက်မှု အစီအစဉ်သည် စစ်အေးခေတ်ပြိုင်ဘက်နှစ်ဦးဖြစ်သော အမေရိကန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြားတွင် ရင်ကြားစေ့၍ မရသော ပြဿနာတစ်ရပ်ဖြစ်သည်။

ရုရှားနိုင်ငံနှင့် ပူးပေါင်း၍ ဒုံးပျံကာကွယ်ရေးစနစ် တည်ဆောက်မည့်အစီအစဉ်သည် ဖြစ်မြောက်နိုင်မည့် အနေအထားရှိသည်ဟု ယုံကြည်ကြောင်း ရုရှားသမ္မတနှင့် တွေ့ဆုံဆွေးနွေးမှုများ မပြုလုပ်မီ အမေရိကန်သမ္မတက ပြောကြားခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။

ဒုံးပျံကာကွယ်ရေးအစီအစဉ်တွင် ရုရှားနိုင်ငံ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်နိုင်ဖွယ် နည်းလမ်းများစွာကို အမေရိကန်နိုင်ငံက ရုရှားနိုင်ငံသို့ ကမ်းလှမ်းတင်ပြခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဒုံးပျံကာကွယ်ရေးစနစ် တည်ဆောက်ရာတွင် ပူးပေါင်းပါဝင်ခြင်းသည် အမေရိကန်နိုင်ငံ၏ လုပ်ဆောင်မှုများ၌ ရုရှားနိုင်ငံသည် အလိုတူအလိုပါ ပါဝင်နေရာရောက်သည့်အတွက် ယင်းကိစ္စကို ရုရှားအစိုးရက သတိကြီးကြီးဖြင့် စောင့်ကြည့်လေ့လာဖွယ်ရာရှိကြောင်း ကမ္ဘာ့အရေးအကဲဖြတ်သူများက ယူဆကြသည်။ ***အင်တာနက်။***

ဂျီ-၂၀ အစည်းအဝေးမတိုင်မီ ဖောက်ခွဲရေးပစ္စည်းများ လက်ဝယ်တွေ့ရှိသူနှစ်ဦး ကနေဒါရဲတပ်ဖွဲ့ ဖမ်းဆီး

တိုရွန်တို ဇွန် ၂၄

ကနေဒါနိုင်ငံ တိုရွန်တိုမြို့ရဲတပ်ဖွဲ့သည် ဖောက်ခွဲရေးပစ္စည်းနှင့် လက်နက်ခဲယမ်းများ လက်ဝယ်တွေ့ရှိမှုဖြင့် အမျိုးသမီးတစ်ဦးကို ဗုဒ္ဓဟူးနေ့က ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ဇွန် ၂၄ ရက်တွင် ဂျီ-၈ နှင့် ဂျီ-၂၀ အုပ်စုများ၏ ထိပ်သီးအစည်းအဝေးများကို စတင်ကျင်းပနေပြီဖြစ်ရာ မြို့တော်၏ လုံခြုံရေးအခြေအနေကို အထူးတင်းကျပ်ထားသည်။ ယင်းအမျိုးသမီး၏ခင်ပွန်းဆိုသူကိုလည်း လက်နက်ခဲယမ်းကိုင်ဆောင်မှုဖြင့် အင်္ဂါနေ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။ အဆိုပါ အမျိုးသမီးကို အန္တရာယ်ကြီးမားသော လက်နက်ခဲယမ်းများ လက်ဝယ်ထားရှိမှုဖြင့် တရားစွဲဆိုထားသည်။ ***အင်တာနက်။***

ပါကစ္စတန် ပန်ဂျပ်ပြည်နယ်တွင် တာလီဘန်များ ရန်ပုံငွေကောက်ခံလျက်ရှိ

အစ္စလာမ္မာဘတ် ဇွန် ၂၄

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် စစ်သွေးကြွများသည် ပြည်သူများထံမှ ရန်ပုံငွေများ ကောက်ခံလျက်ရှိကြောင်း ထောက်လှမ်းရေးအစီရင်ခံစာတွင် ဖော်ပြထားသည်။

နိုင်ငံရေးအရ အရေးပါသော ယင်းပြည်နယ်တွင် တာလီဘန်များ အခြေချမှု တိုးပွားလာနေကြောင်း သတင်းများ ထွက်ပေါ်နေစဉ်မှာပင် အဆိုပါအစီရင်ခံစာကို ကြာသပတေးနေ့တွင် ထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

ပိတ်ပင်တားမြစ်ထားသော စစ်သွေးကြွအုပ်စု အနည်းဆုံး ၁၇ အုပ်စုသည် နာမည်မျိုးကွဲ အမျိုးမျိုးခံယူ၍ ၎င်းပြည်နယ်အတွင်း၌ လှုပ်ရှားနေကြသည်ဟု အစီရင်ခံစာတွင် တင်ပြထားသည်။

အသေးစိတ်ဖော်ပြ

လူမှုရေးအသင်းအဖွဲ့ အမည်ဖြင့် ဘာသာရေးပွဲများ၊ ဂုဏ်ထူးဆောင်ဆုလက်မှတ်ပေးပွဲ အခမ်းအနားများနှင့် စည်းဝေးပွဲများ ကျင်းပ၍ အလှူငွေများ ကောက်ခံလျက်ရှိကြောင်း အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြသည်။

လူဦးရေထူထပ်

ပန်ဂျပ်ပြည်နယ်သည် ပါကစ္စတန်နိုင်ငံ၏ လူဦးရေ အထူထပ်ဆုံးမြို့ဖြစ်၍ နိုင်ငံလူဦးရေ၏ထက်ဝက်ကျော် နေထိုင်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ကျောင်းကျန်းမာရေးလုပ်ငန်းများ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်

လူတိုင်း ပထမဆုံးဦးစားပေး ရွေးချယ်သင့်သည်မှာ ကျန်းမာရေးပင်ဖြစ်သည်။ ကျန်းမာမှ မိမိ၏ ဘဝမျှော်လင့်ချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်မည်ဖြစ်သည်။ မိမိအကျိုးသာမကအများအကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုးကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကျန်းမာခြင်း၏ အဓိပ္ပာယ်ကို **"ကျန်းမာခြင်းဆိုသည်မှာ ရောဂါဝေဒနာ ကင်းရှင်း၍ ကိုယ်အင်္ဂါချွတ်ယွင်းမှု မရှိရုံမျှမက ကိုယ်တွင်းကျန်းမာမှုနှင့် ပြည့်စုံခြင်း၊ စိတ်ချမ်းသာမှုရှိခြင်း၊ ပတ်ဝန်းကျင်နှင့် ပူးပေါင်းဆက်ဆံမှု အဆင်ပြေကောင်းမွန်ခြင်းတို့ပင် ဖြစ်သည်"**ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ယနေ့မျိုးဆက်သစ် ကျောင်းသားလူငယ်များသည် နောင်အနာဂတ်တွင် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို မလွဲမသွေ ပခုံးပြောင်းယူကြရမည့် သူများဖြစ်သည်။ ထိုကျောင်းသား လူငယ်များသည် ကျန်းမာကြံ့ခိုင်၍ အရည်အချင်းပြည့်ဝကြပါမှ နိုင်ငံတော်အတွက် အားထားရသူများဖြစ်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ကျန်းမာရေးဌာနက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားရေးဟူသော လူမှုရေးဦးတည်ချက်ဖြင့် ကျောင်းသားလူငယ်များ အပါအဝင် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် အမျိုးသားကျန်းမာရေး စီမံကိန်းများကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားကျန်းမာရေးစီမံကိန်း၊ လူထုကျန်းမာရေးအဆင့် စောင့်ရှောက်မှုစီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သည့် "ကျောင်းကျန်းမာရေးလုပ်ငန်း" စီမံချက်ဖြင့် မျိုးဆက်သစ်ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းရှိ လူသားတို့၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားမှုသည် စနစ်ကျထိရောက်သော ကျောင်းကျန်းမာရေးစီမံချက်များဖြင့် ဆောင်ရွက်ခြင်းကြောင့် ဖြစ်သည်ကို တွေ့ရှိရသည်။ ၁၉၉၅ ခုနှစ်မှ စတင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ Global School Health Initiative အစီအစဉ်ဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်သောအားဖြင့် ၁၉၉၆ ခုနှစ်မှ စတင်၍ ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းများ ထူထောင်ရေးစီမံချက်ကို ရေးဆွဲကာ ၁၉၉၈ ခုနှစ်တွင် မြို့နယ်၉၀၌ စတင်အကောင်အထည်ဖော်ခဲ့သည်။ ကျောင်းကျန်းမာရေးလုပ်ငန်းသည် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ရပ်လည်းဖြစ်သည်။ ကျောင်းသည် ကျောင်းသား လူငယ်တို့၏ ကာယသုခ၊ စိတ္တသုခ၊ လူမှုသုခတည်းဟူသော ပကတိကျန်းမာရေး၏ အချက်ကြီးသုံးချက်ကို ဖြည့်ဆည်းပေးရမည့်နေရာဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ကျောင်းသည် တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးစတင်ရာ အချက်အချာအကျဆုံး ဗဟိုဌာနကြီးဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ **"အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းက"**ဟု ဆိုရမည်။ ထိုလုပ်ငန်းကြီး အောင်မြင်အောင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန်မှာ ကျောင်းအုပ်ကြီးအပါအဝင် ဆရာ၊ ဆရာမများအားလုံး၏ တာဝန်ဖြစ်သည်။ မိမိတို့ကိုယ်၌က အရေးကြီးသောလုပ်ငန်း၊ မလုပ်မဖြစ်လုပ်ရမည့်လုပ်ငန်း၊ လုပ်သင့်လုပ်ထိုက်သောလုပ်ငန်းဟု ခံယူထားရမည်။ တစ်နည်းအားဖြင့် လုပ်ငန်းအပေါ် စိတ်ဝင်စားမှုရှိကြရမည်။

ကျောင်းဖွင့်စတွင် ကျောင်းကျန်းမာရေးကော်မတီဖွဲ့စည်းပြီး ကျောင်းကျန်းမာရေး လုပ်ငန်းကြီး(၉)ချက်ကို လုပ်ငန်းစီမံချက်များရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်ရသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းလျက် နှစ်စဉ် ဩဂုတ်လ ဒုတိယပတ်ကို ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် သတ်မှတ်၍ အခြေခံပညာကျောင်းအလိုက် အောက်ပါကျောင်းကျန်းမာရေး လုပ်ငန်းစဉ်(၅)ရပ်ကို ဆောင်ရွက်ကြရသည်-

မြင့်မြင့်ဦး(ပညာရေး)

(က) ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
(ခ) ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊
(ဂ) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊
(ဃ) ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊
(င) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း။

ထိုမျှမကသေး တစ်နှစ်ပတ်လုံး ကျောင်းကျန်းမာရေးနှင့် ပတ်သက်၍-

(၁) နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်း၊
(၂) အပတ်စဉ်ဆောင်ရွက်ရမည့်လုပ်ငန်း၊
(၃) လစဉ်ဆောင်ရွက်ရမည့်လုပ်ငန်း၊
(၄) အခါအားလျော်စွာ ဆောင်ရွက်ရမည့်လုပ်ငန်းများ

ဟူ၍ ယေဘုယျအားဖြင့် ကဏ္ဍခွဲကာ ဆောင်ရွက်ကြရသည်။

ကျောင်းသားလူငယ်များ ကျန်းမာရေးနှင့် ပတ်သက်သော အလေ့အကျင့်ကောင်းများကို သိရှိကြပြီး ထိုအလေ့အကျင့်ကောင်းများကို လက်တွေ့လိုက်နာ ကျင့်သုံးကြဖို့လိုသည်။ ဆရာ၊ ဆရာမများသည် အောင်/ရှုံးဆုံးဖြတ်ပေးသော ကျောင်းသင်ဘာသာရပ်များကို သင်ကြားပေးရုံမက ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ်၌ ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာများကိုပါ အလေးပေးသင်ကြားသင့်သည်။

မူလတန်းကလေးများအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး လေ့ကျင့်စဉ်(၁၀)ချက်ကို အလွတ်ရွတ်ဆိုနိုင်ရုံမကဘဲ လက်တွေ့လိုက်နာလုပ်ဆောင်ကြရန်လည်းလိုသည်။ မူလတန်းကလေးအရွယ်တွင် နားလည်နိုင်စွမ်းနည်းသေးသဖြင့် မိဘများကိုခေါ်ယူကာ ပညာပေးဖို့လိုသည်။ တနင်္လာနေ့တိုင်း အတန်းပိုင် ဆရာမများက တစ်ကိုယ်ရေသန့်ရှင်းရေးကို စစ်ဆေးကြရမည်။ နေ့စဉ်လက်ကိုင်ပဝါများ ချိတ်ပေးရန်၊ ဘောင်းဘီအရှည် ဝတ်ဆင်ပေးရန်၊ ရေကိုကျိုချက်၍ ထည့်ပေးရန်၊ အိမ်သာအဆင်း ဆပ်ပြာနှင့် လက်ကို စင်ကြယ်စွာဆေးရန်၊ ညအိပ်ရာဝင်လျှင် သွားတိုက်ရန်စသော အလေ့အကျင့်များ ပြုလုပ်ပေးရန် မိဘများအား မှာကြားရမည်။

ကျောင်း၌လည်း အိမ်သာအဆင်းတွင် လက်ဆေးရန် ဆပ်ပြာနှင့် ရေတို့ကို စီစဉ်ပေးထားရမည်။ အမှိုက်များကိုလည်း တွေ့ရာနေရာတွင်မပစ်ဘဲ အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်သော အလေ့အကျင့်များ ပြုလုပ်ပေးရမည်။ ကျန်းမာရေး ပညာပေးကဗျာများ၊ သီချင်းများသီဆိုစေခြင်း၊ တေးသရုပ်ဖော် ကပြစေခြင်းသည် ကျောင်းသားလူငယ်များကို ပျော်ရွှင်စေပြီး ကျန်းမာရေးအသိပညာများ ခေါင်းထဲ၌ စွဲသွားစေသည်။ ထို့အပြင် ကျန်းမာရေးနှင့်ပတ်သက်သည့် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းများရေးခိုင်းပြီး နံရံကပ်စာစောင်ပြုလုပ်၍ ဖတ်စေခြင်းဖြင့်လည်း ကျန်းမာရေးဗဟုသုတများရရှိစေသည်။ သတင်းစာထဲ၌ပါသော ကျန်းမာရေးနှင့် ပတ်သက်သည့် ဆောင်းပါးများကိုဖြတ်၊ ညှပ်၊ ကပ်ပြုလုပ်ခြင်းဖြင့်လည်း ကျန်းမာရေးအသိများ ရစေနိုင်သည်။ ကျောင်းစုဝေးပွဲကို အနည်းဆုံးတစ်လလျှင် တစ်ကြိမ်ခန့်ပြုလုပ်ပြီး ကျောင်းအုပ်ကြီးကသော်လည်းကောင်း၊ အတန်းမှူးများကသော်လည်းကောင်း ကျန်းမာရေးပညာပေးဟောပြောပွဲများကိုလည်း ပြုလုပ်ပေးသင့်သည်။ ထိုလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ကျောင်းသားလူငယ်ထုအတွင်းကျန်းမာရေး အသိပညာများ စိမ့်ဝင်ပျံ့နှံ့သွားမည်ဖြစ်သည်။

ဤသို့ဖြင့် အနာဂတ်နိုင်ငံတော်အတွက် အင်အားများဖြစ်လာကြမည့် ယနေ့ကျောင်းသားလူငယ်တို့၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်၏အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သက်ဝင်ယုံကြည်ကာ ကျောင်းအုပ်ကြီးအပါအဝင် ဆရာ၊ ဆရာမများအားလုံး တက်ညီလက်ညီဖြင့် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါဟု တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပန်းတိုင်ချီတက် အောင်ပွဲဆက်

❖ နယ်ချဲ့သမား
ထားခဲ့ရန်ငြိုး၊ ဆိုးမွေတိုးအောင်
ကိုယ်ကျိုးကိုဖက်၊ ဘဝပျက်အောင်
စွမ်းထက်အကြံ၊ မှန်ရာမရှု
ဓာတုဆေးဝါး၊ အတတ်များဖြင့်
ပွားများယူရင်း၊ ဘိန်းဘင်း ကစော်
လော်စာအရက်၊ အဆင့်တက်၍
ဉာဏ်ကျက်ကစား၊ အဖျက်အားဖြင့်
မှန်မှားမဆ၊ ဝိသမဖြင့်
အတ္တကိုယ်ကျိုး၊ စည်းစိမ်တိုးရန်
အငြိုးဖက်၍၊ ပျက်ထက်ပျက်ရန်
လက်နက်သဖွယ်
နှိပ်ကွပ်ခြယ်လည်း ...။

❖ ရင်းရှင်ညစ်တို့
ကောက်ကျစ်အကြံ၊ မျိုးတုံးရန်တွက်
စီမံထားရစ်၊ ထိုမူးယစ်ကို
"ဆယ့်ငါးနှစ်"တွင်၊ ပပျောက်စင်ကင်း
နှိမ်နင်းတိုက်ဖျက်၊ စီမံချက်ဖြင့်
ချေဖျက်ရန်ကာ၊ နည်းနာ"နှစ်ရပ်"
"သုံးရပ်"ဗျူဟာ
ညီညာသမှု၊ ပေါင်းစုပြု၏။

❖ ကမ္ဘာ့ရန်ဘေး၊ မူးယစ်ဆေးကို
မနေးအမြန်၊ တို့တွန်းလှန်၍
အဖန်ဖန်တား၊ လူငယ်များလျှင်
စိတ်ထားကြံ့ခိုင်
ပန်းတိုင်ချီတက် အောင်ပွဲဆက်။ ။

ကိုကိုသက်(ရေနံ)

ကွယ်လွန်သူ ဖခင်ကြီး ဦးကျင်ဟွအားရည်စူး၍ ပြည်လမ်း (၉)မိုင် မရမ်းကုန်းမြို့နယ်နေ မိခင်ကြီး ဒေါ်ခင်ကြည်နှင့် သမီးဒေါ်ခင်မာလာ (နက်ရှေးကုမ္ပဏီ) Dunlopillo မွေ့ရာတို့က မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံစဉ်။
(ကြေးမုံ)

ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် ဆောင်ရွက်ထားရှိမှု ညွှန်ကြားချက်၊ စီမံချက်တို့နှင့် ကိုက်ညီမှု ရှိ/မရှိကို ဇွန် ၁၂ရက်တွင် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ငှားလိုင်လထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိ

ရန်ကုန် ဇွန် ၂၄

အမက(၁)ဗဟန်း ကျောင်းသား၊ ကျောင်းသူလေးများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးလှုပ်ရှားမှု မျက်နှာဖုံးဓာတ်ပုံနှင့်အတူ မန်းတင့်မော်၊ လွင်ချန်ဖြိုး(နတ်မောက်)တို့၏ ကဗျာများ၊ ရွှေကိုဦး၊ မြေဇာ၊ ကျော်ထွဏ်း၊ မောင်မောင်ညွှက်၊ ဒစ်ဂျစ်တယ်၊ ဖေစန်းတို့၏တေဇတို့အရွယ် ကလေးငယ်တို့အတွက် ပညာပေးလက်ရာမြောက်ကာတွန်းများ၊ မင်းထွန်းဦးနှင့် မောင်မိုးတို့၏ ဆောင်းပါးများ၊ သက်နှင်းစု၏ ပုံပြင်ရှည်၊ Waddi Oo ၏ English For Tayza ကဏ္ဍ၊ စိုးဆက်၏"အဖြေညှိစရာ ပဟေဠိပါ"၊ ကလေးတို့၏အရေး ကဗျာတိုလေးများကို အားပါးတရ ဖတ်ရှုကြရမည်။ တေးဇရုပ်စုံစာစောင်ကို အမှတ်(၁၈၁) ၃၂လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရှိရသည်။
(သတင်းစဉ်)

အလိုမှာ စာမှာရှိ

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မမင်္ဂလာဈေးတွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ဈေးအတွင်း မီးသတ်ရေတိုင်များ၊ မီးချိတ်၊ မီးကပ်များဆောင်ရွက်ထားရှိမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးလင်းထွဋ်၊ မြို့နယ်မီးသတ်တပ်ဖွဲ့တာဝန်ခံနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

သန်လျင်မြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေး

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် ရေကြောင်းပညာတက္ကသိုလ်တို့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နည်းပညာတက္ကသိုလ်ဥပစာရှိ ယာယီရှင်းလင်းဆောင်၌ တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက တောင်ပိုင်းခရိုင်မြို့နယ်များအတွင်း သစ်ပင်စိုက်ပျိုးသွားမည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပျိုးပင်များကို ဖြန့်ဝေပေးကြပြီး တိုင်းမှူးက အမှတ်တရသစ်ပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ရေကြောင်းပညာတက္ကသိုလ်၌ ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပျိုးပင်များကို ဖြန့်ဝေပေးကြပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၂၄

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပြီးသော ပါတီများက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိကြရာ အမျိုးသားဒီမိုကရေစီအင်အားစု NATIONAL DEMOCRATIC FORCE ပါတီက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ ခုနှစ် ဇွန် ၂၄ ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၄၂) ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ (၃၈) ပါတီအနက် ပါတီ (၃၃) ပါတီကို မှတ်ပုံတင်ခွင့် ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

၂၀၁၀ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာဂေါက်သီးရိုက်အသင်းနှင့် HAN Events Management တို့ တာဝန်ယူကျင်းပသော ၂၀၁၀ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာဂေါက်သီးရိုက်အသင်းမှ Club Captain ဦးစိုးဝင်းက အမျိုးသား သက်ကြီးတန်း (Handicap ၀မှ၂၄) ပြိုင်ပွဲ၌ ရိုက်ချက် ၇၁ ချက်ဖြင့် ပဥ္စမရရှိသော ဦးစန်းလွင်၊ ရိုက်ချက် ၇၁ ချက်ဖြင့် စတုတ္ထရရှိသော ဦးကျော်လွင်၊ ရိုက်ချက် ၇၁ ချက်ဖြင့် တတိယရရှိသော ဦးအုန်းထွန်း၊ ရိုက်ချက် ၇၀ ဖြင့် ဒုတိယရရှိသော ဦးစိုးညွန့်နှင့် ရိုက်ချက် ၆၀ ဖြင့် ပထမရရှိသော ဦးဇော်သိန်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က တစ်ဦးချင်း အကျောပေး (Handicap ၀ မှ ၁၈) ပြိုင်ပွဲတွင် ရိုက်ချက် ၇၀ ဖြင့် ပဥ္စမရရှိသော ကောင်းထက်ကျော်၊ ရိုက်ချက် ၇၀ ဖြင့် စတုတ္ထရရှိသော ထက်အောင်လှိုင်၊ ရိုက်ချက် ၆၇ ချက်ဖြင့် တတိယရရှိသော စွမ်းသီဟအောင်၊ ရိုက်ချက် ၆၇ ချက်ဖြင့် ဒုတိယရရှိသော သိန်းနိုင်စိုးနှင့် ရိုက်ချက် ၆၅ ချက်ဖြင့် ပထမရရှိသော ချစ်မင်းစံတို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၆-၂၀၁၀ (သောကြာနေ့)

[၁၃၇၂ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက် (အဖိတ်နေ့)]

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၅	၇။	အကပြိုင်ပွဲ
၈း၂၀	၈။	ကြေးမုံရိပ်သွင်တေးနှယ်ဥ
၈း၃၀	၉။	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၅	၄။	"လက်ဆေးပြီးပြီလား"
၄း၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု များ) (ဓာတုဗေဒ)
၅း၀၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၅	၇။	နှောင်းခေတ်တေးပဒေသာ
၅း၁၅	၈။	အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
၅း၂၅	၉။	ရိုးသားဖြူစင်ကလေးတို့အသွင်
၅း၄၀	၁၀။	Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယပိုင်း) (အပိုင်း-၁၁)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
၈း၂၀	၁၆။	**ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြောက်ကိုရီးယားနှင့် အိုင်ဗရီကို့စ်)**
	၁၇။	ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၂)
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	ခေတ်အဆက်ဆက်အထိမ်းအမှတ်များ (စတီရီယိုတေးသံရှင်များ၊ တေးရေး-မင်းချစ်သူ)
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီရောင်ဘဝ" (အပိုင်း-၂၇)**
	၂၁။	**သီချင်းချစ်သူ(ယုဇန)**

၂၆-၆-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၁း၀၀	၂၂။	**ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဆွစ်ဇာလန်နှင့် ဟွန်ဒူးရပ်စ်)**
	၂၃။	အစီအစဉ်ပြီး၏။

အရိပ်ရပင် စိုက်ပျိုး

ကျိုက်မရော ဇွန် ၂၄

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ ပျိုးထောင်စိုက်ပျိုးနေမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်စိုးကျော်တို့က ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ဇွန် ၁၀ ရက်က ကဝမြို့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးတွင် ဇွန် ၂၃ ရက်က ဈေးများ မီးဘေးကြိုတင် ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် လျှပ်စစ်မီးကြိုးများ စနစ်တကျ သွယ်တန်းတပ်ဆင် အသုံးပြု ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိကို မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထက်အောင်နှင့် တပ်ဖွဲ့ဝင်များ ရှောင်တခင်ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ တစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။ **ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် နမ့်လန်ချောင်းကူးတံတား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်သည် ဇွန် ၁၅ ရက်တွင် နောင်ပိုးတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နောင်ပိုးကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းဆောင်များ ဆောက်လုပ်ထားရှိမှုနှင့် စာသင်ဆောင်များအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဇွန် ၁၆ ရက်တွင် နမ့်လန်ချောင်းကူးတံတား ဆောက်လုပ်ထားရှိမှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာမှ တံတားဆောက်လုပ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်သည်များ မှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးသည် နောင်ပိုး-ကျောက်ဂူလမ်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ကျောက်ဂူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ စာပေသင်ကြားနေမှု အခြေအနေများအား လည်းကောင်း၊ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု လုပ်ငန်း အခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း ခရိုအေးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပပေါင်းစည်းရေး ဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၀ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ခရိုအေးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပပေါင်းစည်းရေး ဝန်ကြီး မစ္စတာဂေါ်ဒွန်၊ ဂျန်ဒရိုကိုဗစ်ခ်ျထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအား ဂုဏ်ပြု ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ပေးအပ်

ရန်ကုန် ဇွန် ၂၄

၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၊ ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် တက်ရောက်နေကြသည့် အကျဉ်းဦးစီးဌာန ဝန်ထမ်းများ၏ သား၊ သမီး၊ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ အကျဉ်းဦးစီးဌာန မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အကျဉ်းဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများဖြစ်ကြသည့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ၉၁ ဦး စုစုပေါင်း ၁၁၃ ဦးနှင့် မူလတန်းကျောင်းသား၊ ကျောင်းသူ ၁၂၈၂ ဦး၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူ ၉၁၈ ဦး၊ အထက်တန်းကျောင်းသား၊ ကျောင်းသူ ၄၇၃ ဦး၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ၂၉၀ တို့အား ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ဇနီးတို့က ပညာထူးချွန်ဆုနှင့် ပညာသင်စရိတ် စုစုပေါင်းငွေကျပ် ၁၃၆၄၈၀၀၀ ကို ပေးအပ်ချီးမြှင့်ရာ ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်နယ်၊ တိုင်း ထောင်အုပ်စု ညွှန်ကြားရေးမှူးရုံးများမှ တာဝန်ရှိသူများက လက်ခံခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် ဇနီးတို့က ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူအား ဆုပေးအပ်ချီးမြှင့်စဉ်။

(အကျဉ်းဦးစီး)

၂၀၁၀ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၂၄

၂၀၁၀ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲကို "ကမ္ဘာတစ်လွှားဝင့်ကာကြွား တို့မြန်မာအမျိုးသမီးများ"ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "မျိုးဂုဏ်ဝင့်ကြွား မြန်မာအမျိုးသမီးများ" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပခဲ့ရာ အဆိုပါပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အမည်စာရင်းကို ပြိုင်ပွဲကျင်းပရေး ကော်မတီက ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆောင်းပါးပြိုင်ပွဲတွင် ပထမ ဒေါက်တာစုစုခိုင်၊ ဒုတိယ ဦးတင်ထွန်း (ချယ်ရီမြေမောင်တင်ထွန်း)၊ တတိယ ဒေါ်အေးအေးမြတ် (အေးအေးမြတ်-နိုင်ငံခြားဘာသာတက္ကသိုလ်)တို့က ရရှိကြပြီး အထူးဆုများကို ဦးထိန်လင်း (လင်းအရုဏ်ဦး-ပဲခူး)၊ ဗိုလ်ချမ်းငြိမ်းသူ(ချမ်းငြိမ်းသူ)၊ ဦးသန်းနိုင် (လဝန်းချို)၊ မဆုဇင်ဇင်စိုး (မဆုဇင်ဇင်စိုး-ပုသိမ်)နှင့် မောင်အာကာစိုးပိုင်တို့က ရရှိကြသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမ A.K.MOE (သတ္တဗေဒ)၊ ဒုတိယ ဦးကိုကိုခိုင် (IPRD)နှင့် တတိယ လှိုင်သန်းတင့်(ရွှေပန်းချီ-ရမည်းသင်း)တို့ ရရှိကြသည်။ အထူးဆုများကို ထွန်းထွန်းအေး၊ ဦးသန်းဝေ(တောင်ကြီး)၊ အောင်ငွေလှိုင်၊ လမင်းနိုင်(သီလဝ)နှင့် စောအောင်မင်း A.M.P.S (နယူးအာရှဓာတ်ပုံ)တို့က ရရှိကြသည်။

ပေးအပ်ချီးမြှင့်မည်

ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအနက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများကို ၂၀၁၀ ခုနှစ် ဇူလိုင် ၃ ရက်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကျင်းပမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။ ဆောင်းပါးပြိုင်ပွဲတွင် အထူးဆုရရှိခဲ့သူများအား မိမိတို့၏ ပြည်နယ်/ တိုင်းအသီးသီးတွင် ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ဆက်သွယ်သတင်းပို့

ဆုရရှိသူများသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမှတ် (၁၃၂) သံလွင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၁၇၇၃နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂ တို့သို့ ဇွန် ၂၈ ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံလူငယ်ဓာတ်ပုံဆရာများဆု ဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်ခံရသူစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၂၄

လူငယ်အိုလံပစ်ပွဲတော်စတင်ခြင်း အထိမ်းအမှတ်အဖြစ် အာဆီယံလူငယ်ဓာတ်ပုံဆရာများဆုနှင့် ဓာတ်ပုံပြပွဲကို စင်ကာပူအမျိုးသားလူငယ်အောင်မြင်မှုကောင်စီက ၂၀၁၀ ခုနှစ် ဩဂုတ်လတွင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု လူငယ်ဓာတ်ပုံဆရာတစ်ဦး ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် "အားကစားမှသည် အာဆီယံစိတ်ဓာတ်ဆီသို့" ဟူသော ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင် ၁၄ ဦးက ဓာတ်ပုံပေါင်း ၇၃ ပုံပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အကောင်းဆုံးလူငယ်ဓာတ်ပုံဆရာအဖြစ် ကျော်ကျော်ဝင်း(မြန်မာနိုင်ငံဓာတ်ပုံအသင်း)က ရွေးချယ်ခံရသည်။

ရွေးချယ်ခံရသူအား ၂၀၁၀ ခုနှစ် ဩဂုတ်လတွင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် အာဆီယံ လူငယ်ဓာတ်ပုံဆရာများဆုနှင့် ဓာတ်ပုံပြပွဲသို့ စေလွှတ်သွားမည်ဖြစ်ပြီး ၎င်းခရီးစဉ်အတွက် ကုန်ကျမည့်ခရီးစရိတ်၊ တည်းခိုနေထိုင်စားသောက်စရိတ်များအား သက်ဆိုင်ရာအဖွဲ့အစည်းက ကျခံပေးမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့်အဖွဲ့ ဇွန် ၁၁ ရက်က တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အဖျောက်ဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် ရေသိုလှောင်ထားရှိမှု၊ ရေစုပ်စက်များကြံ့ခိုင်မှု၊ မီးချိတ်မီးကပ်များ၊ မီးသတ်ဆေးဘူးများထားရှိမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ ရုံးခွဲတာဝန်ခံ ဒု-ဦးစီးမှူး ဦးစိန်လှိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စင်ကာပူနိုင်ငံမှ သီလရှင်ဆရာကြီး စီသက်ယွမ်နှင့် ၃၈ ဦးပါဝင်သည့် ပေါက်ကွမ်းဘုရားကျောင်းဒါနအဖွဲ့ ဇွန် ၈ ရက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာ တစ်နေ့လုံးစာ အထူးအာဟာရ ကျွေးမွေးရန်နှင့် ဆေးပဒေသာပင်၊ လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ခုနစ်သိန်း တစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာ အခြေခံသင်တန်း အမှတ်စဉ်(၂) ဖွင့်လှစ်

နေပြည်တော် ဇွန် ၂၄

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာ အခြေခံသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာ အခြေခံသင်တန်းအမှတ်စဉ်(၂) သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဇွန် ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က)	ဒေါက်တာအောင်မျိုး	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ခ)	ဦးထွန်းထွန်းနိုင်	ညွှန်ကြားရေးမှူးချုပ် ဗဟိုစာရင်းအင်းအဖွဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ဂ)	ဦးဆန်းမြင့်	ညွှန်ကြားရေးမှူးချုပ် အခွန်အယူခံခုံအဖွဲ့ရုံး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

(၁၉)ကြိမ်မြောက် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မြင်ကွင်း

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(D)နှင့်အုပ်စု(F)ပြိုင်ပွဲများပြီးဆုံး ဂျာမနီအုပ်စုဗိုလ်ဖြစ်ပြီး အီတလီတို့ ပြည်တော်ပြန်

ဂျိုဟန်နက်စဘတ် ဇွန် ၂၄

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(F) ရဲ့နောက်ဆုံးပွဲစဉ်များကို ယနေ့ညမှာ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ဆလိုဗက်ကီးယားက အီတလီကို အနိုင်ရရှိခဲ့ပါတယ်။

ဆလိုဗက်ကီးယား ၃-၂ အီတလီ

အီတလီဟာ ဒီပွဲနိုင်မှ အုပ်စုတက်ရေးမျှော်လင့်ချက် ရှင်သန်မှာဖြစ်တာကြောင့် ကင်နာဗာရို၊ ချီလီနီ၊ ဒီရော့စီ၊ ပီပီ၊ ဂတ်တူဆို၊ အီကွင်တာ၊ ဇမ်ဘရော့တာစတဲ့ အဓိကကစားသမားများနဲ့ လူစုံခဲ့ကာ ဆလိုဗက်ကီးယားက ဟန်ဆစ်၊ ဗစ်တက်ခ်၊ စကာတယ်၊ စတော့ချ်တို့အားနဲ့ အီတလီကို ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။ ပွဲအစမှာ အီတလီက အသာစီးရခဲ့ပေမယ့် မိနစ် ၂၀ နောက်ပိုင်းမှာ ဆလိုဗက်ကီးယားက ကစားကွက်မိမိနဲ့ ပြန်လည် ထိုးဖောက်တိုက်စစ်ဆင်လာခဲ့ရာ ပွဲချိန် ၂၅ မိနစ်မှာ ဗစ်တက်ခ်က ဆလိုဗက်ကီးယားအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ပွဲချိန် ၇၃ မိနစ်မှာ ဗစ်တက်ခ်ကပင် ဆလိုဗက်ကီးယားအတွက် ဒုတိယဂိုးနဲ့ ၈၉ မိနစ်မှာ ကိုပူနက်က တတိယဂိုးသွင်းယူပေးခဲ့ပြီး အီတလီအတွက် ဂိုးများကို ပွဲချိန် ၈၁ မိနစ်မှာ ဒီနာတယ်လီနဲ့ မိနစ် ၉၀မှာ ဖေဘီယိုတို့က သွင်းယူခဲ့ပါတယ်။

အုပ်စု(D)ပွဲစဉ်များအပြီးရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ဂျာမနီ	၃	၂	၀	၁	၆
၂	ဂါနာ	၃	၁	၁	၁	၄
၃	သြစတြေးလျ	၃	၁	၁	၁	၄
၄	ဆာဘီးယား	၃	၁	၀	၂	၃

အုပ်စု(F)ပွဲစဉ်များအပြီးရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ပါရာဂွေး	၃	၁	၂	၀	၅
၂	ဆလိုဗက်ကီးယား	၃	၁	၁	၁	၄
၃	နယူးဇီလန်	၃	၀	၃	၀	၃
၄	အီတလီ	၃	၀	၂	၁	၂

ဆလိုဗက်ကီးယားအတွက် နှစ်ဂိုးသွင်းပေးခဲ့သည့် ဗစ်တက်ခ် ဂိုးသွင်းပြီးနောက် အောင်ပွဲခံစဉ်။

ပါရာဂွေး ၀-၀ နယူးဇီလန်

ပါရာဂွေးနဲ့ နယူးဇီလန်တို့ပွဲမှာ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပေမယ့် ဂိုးမရှိသရေကျခဲ့ပါတယ်။ ဒါကြောင့် အုပ်စု(F)ပွဲစဉ်များအပြီးမှာ ပါရာဂွေးက အုပ်စုဗိုလ်၊ ဆလိုဗက်ကီးယားက အုပ်စုဒုတိယနဲ့ နောက်တစ်ဆင့်တက်နိုင်ခဲ့ပါတယ်။

အုပ်စု(D)

အုပ်စု(D) နောက်ဆုံးပွဲစဉ်များကို ကြာသပတေးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ ဂျာမနီနဲ့ သြစတြေးလျတို့ နိုင်ပွဲအသီးသီးရရှိခဲ့ကြပါတယ်။

ဆလိုဗက်ကီးယားအတွက် ဒုတိယဂိုးကို ဗစ်တက်ခ် သွင်းယူစဉ်။

ဂါနာနဲ့ ဂျာမနီတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ ဂျာမနီက ပွဲချိန် မိနစ် ၆၀မှာ အိုဇီရဲ့သွင်းဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ကာ အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့်တက်ပြီး သြစတြေးလျနဲ့ ဆာဘီးယားတို့ ယှဉ်ပြိုင်တဲ့ပွဲမှာ သြစတြေးလျက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ သြစတြေးလျအတွက်ဂိုးများကို ပွဲချိန် ၆၉ မိနစ်မှာ တင်ကာဟေးလ်နဲ့ ၇၃ မိနစ်မှာ ဟိုလ်မန်တို့က သွင်းယူပေးခဲ့တာဖြစ်ပြီး ဆာဘီးယားအတွက်ဂိုးကို ပွဲချိန် ၈၄ မိနစ်မှာ ပန်တဲလ်လစ်က သွင်းယူပေးခဲ့ပါတယ်။ ဒီပွဲမှာ သြစတြေးလျ နိုင်ပွဲရခဲ့ပေမယ့် ရမှတ်တူ ဂိုးကွာခြားချက်နဲ့ ဂါနာအသင်း အုပ်စုဒုတိယနဲ့ ရှုံးထွက်အဆင့်ကို တက်နိုင်ခဲ့ပါတယ်။

ပေါ်တူဂီနှင့် ဘရာဇီး၊ ချီလီနှင့် စပိန် ထိပ်တိုက်တွေ့ကြမည့် အုပ်စု (G)နှင့် အုပ်စု (H) နောက်ဆုံးပွဲစဉ်များ

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ အုပ်စု (G)နဲ့ အုပ်စု (H) နောက်ဆုံးပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ရာ ပေါ်တူဂီနဲ့ ဘရာဇီး၊ ချီလီနဲ့ စပိန်တို့ ထိပ်တိုက်တွေ့ပြီး အုပ်စုဗိုလ်ရရေး အဆုံးအဖြတ်ပွဲများ ကစားကြမှာ ဖြစ်တာကြောင့် ပွဲကြီးပွဲကောင်းတွေကို ကြည့်ကြရဦးမှာပါ။

မြောက်ကိုရီးယား-အိုင်ဗရီကို့စ်
၂၅-၆-၂၀၁၀(သောကြာနေ့)
ည ၈း၃၀နာရီ

မြောက်ကိုရီးယားအမှတ်မရရှိသေးသလို အိုင်ဗရီကို့စ်ကလည်း တစ်မှတ်သာရရှိထားတာကြောင့် နှစ်သင်းလုံး ပြိုင်ပွဲကထွက်ရပြီလို့ ဆိုရမှာပါ။ နိုင်ပွဲမရရှိသေးတဲ့ မြောက်ကိုရီးယားဟာ အိုင်ဗရီကို့စ်ကို ခြေရည်တူ ကစားနိုင်ဖို့ဆိုတာ ခက်ခဲမှာ ဖြစ်တာကြောင့် အိုင်ဗရီကို့စ် တိုက်စစ်မှူးတွေ ဂိုးသွင်းနိုင်မလားဆိုတာပဲ စောင့်ကြည့်ရမှာပါ။

ပေါ်တူဂီ-ဘရာဇီး
၂၅-၆-၂၀၁၀(သောကြာနေ့)
ည ၈း၃၀နာရီ

ပေါ်တူဂီက လေးမှတ်နဲ့ ဒုတိယနေရာမှာရှိနေပြီး ဘရာဇီးက ခြောက်မှတ်နဲ့ ပထမနေရာမှာပါ။ ဒီပွဲနိုင်တဲ့အသင်းက အုပ်စုဗိုလ်ဖြစ်မှာကြောင့် ပွဲကောင်းတစ်ပွဲ ဖြစ်လာဦးမှာပါ။ ဒါပေမယ့် ဘရာဇီးက သရေကျရင်တောင် အုပ်စုဗိုလ်ဖြစ်မှာကြောင့် ပေါ်တူဂီကို အနည်းဆုံးသရေရအောင် ကစားသွားမှာပါ။

ဆွစ်ဇာလန်-ဟွန်ဒူးရပ်စ်
၂၆-၆-၂၀၁၀(စနေနေ့)
နံနက် ၁နာရီ

ဆွစ်ဇာလန်သုံးမှတ်ရထားပြီး အုပ်စုတက်ရေးမျှော်လင့်ချက်ရှင်သန်နေဆဲဖြစ်ပေမယ့် ဟွန်ဒူးရပ်စ်ကတော့ မျှော်လင့်ချက် ကင်းမဲ့သွားပါပြီ။ ဒီနှစ်သင်းရဲ့ခြေစွမ်းက ကွာဟမှုကြီးကြီးမားမားမရှိပေမယ့် အုပ်စုတက်ရေးမျှော်လင့်ချက်နဲ့ တင်ကစားလာမယ့် ဆွစ်ဇာလန် နိုင်ပွဲတွေ့သွားမှာပါ။

ချီလီ-စပိန်
၂၆-၆-၂၀၁၀(စနေနေ့)
နံနက် ၁နာရီ

ချီလီက နှစ်ပွဲနိုင် ခြောက်မှတ်နဲ့ အုပ်စုကိုဦးဆောင်နေပြီး စပိန်က သုံးမှတ်နဲ့ ဒုတိယနေရာမှာပါ။ စပိန်အသင်း ဒီပွဲကိုရှုံးလို့မရသလို ချီလီကလည်း စိတ်ချရအောင် အနည်းဆုံး သရေခံကစားရမှာပါ။ ဒါကြောင့် ဒီပွဲဟာ ပြင်းထန်တဲ့ပြိုင်ဆိုင်မှုဖြစ်လာနိုင်ပြီး သရေကျဖို့များကာ အနိုင်ဆိုရင်တော့ စပိန်ပါပဲ။

ဝင်းတင်(ကြေးမုံ)

အဆင်အပြင် - နိုင်လင်းကြည်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၁၀ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "ပဋိစ္စသမုပ္ပာဒ်သင်တန်း" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု ရွှေမန်းဦးသူရိယ)
- ၆း၅၀ ကလောမှာထင်ရှား "ရွှေဥမင်"ဘုရား
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ ဒေါ်ခင်မြင့်မြင့်စာကြည့်တိုက်ဖွင့်ပွဲ
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၇)**
- ၈း၃၀ စင်မြင့်ပေါ်ကစတုတ္ထအကြိမ်မြောက်ဆုနှင်းသဘင်
- ၈း၄၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "နှစ်ကျပ်ကွက်နင်းတဲ့ယောက်ဖ"
- ၉း၁၀ Activities in The City [Myanmar Society of Endocrinology & Metabolism (MSEM)၏ နှစ်ပတ်လည် အခမ်းအနား]
- ၉း၂၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးပလာတာ) (အပိုင်း-၂)
- ၁၀း၀၅ ဗညားဟန်၏ ဆုတောင်းပြည့်ချိန် တေးစီးရီးမိတ်ဆက်ပွဲ
- ၁၀း၂၅ "သွေးသန့်လှူကြစို့၊ လူငယ်တို့" (၂၀၁၀ ခုနှစ်၊ ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အခမ်းအနား)
- ၁၀း၅၀ VJ Choice
- ၁၁း၂၀ နူးညံ့လှပနန်းတွင်းယိမ်းအက
- ၁၁း၂၅ ပန်းချီပြခန်း (သတ္တမအကြိမ်မြောက် စမ်းချောင်းမြို့နယ် ပန်းချီပြပွဲ)
- ၁၁း၃၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁း၅၀ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (S.I.R Show Skulls in Ribcage)
- ၁၂း၂၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း)
- ၁၂း၃၅ သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့်သာသနာ
- ၁၂း၅၀ လူနှင့်ကံ
- ၁း၀၀ "ပဋိစ္စသမုပ္ပာဒ်သင်တန်း" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု ရွှေမန်းဦးသူရိယ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်မင်းဦးနှင့် တွေ့ဆုံခြင်း)
- ၃း၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၇)**
- ၄း၀၅ Activities in The City [Myanmar Society of Endocrinology & Metabolism (MSEM)၏ နှစ်ပတ်လည် အခမ်းအနား]
- ၄း၂၀ ဒေါ်ခင်မြင့်မြင့်စာကြည့်တိုက်ဖွင့်ပွဲ
- ၄း၄၀ ဗညားဟန်၏ ဆုတောင်းပြည့်ချိန် တေးစီးရီးမိတ်ဆက်ပွဲ
- ၅း၀၀ ပန်းချီပြခန်း (သတ္တမအကြိမ်မြောက်စမ်းချောင်းမြို့နယ်ပန်းချီပြပွဲ)
- ၅း၁၀ စင်မြင့်ပေါ်ကစတုတ္ထအကြိမ်မြောက်ဆုနှင်းသဘင်
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Lake Beauty Spa)
- ၆း၃၀ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (S.I.R Show Skulls in Ribcage)
- ၇း၀၀ ဖက်ရှင်လမ်းညွှန် (Wedding of Bridal Bliss)
- ၇း၂၅ FMF Selection
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ World of Knowledge (Mega Structures; Super Factories)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၇)**
- ၁၀း၀၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "နှစ်ကျပ်ကွက်နင်းတဲ့ယောက်ဖ"
- ၁၀း၂၅ Sports World
- ၁၀း၅၀ "သွေးသန့်လှူကြစို့၊ လူငယ်တို့" (၂၀၁၀ ခုနှစ်၊ ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အခမ်းအနား)
- ၁၁း၁၀ VJ Choice
- ၁၁း၃၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်မင်းဦးနှင့် တွေ့ဆုံခြင်း)
- ၁၂း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။



မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း လားရှိုးမြို့ရှိ အဆင့်မြင့်ဝက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးစဉ်။ (မွေး/ရေ)

မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မွေးမြူရေးခြံများ ဝန်ကြီး ဦးမောင်မောင်သိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းသည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ဇီးပင်ကြီးရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မျိုးရင်းစစ် ကြက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသက်ရွှေနှင့် ခြံမန်နေဂျာ ဒေါက်တာငွေးဇော်ဦးတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် မိမိဌာနမှ ထုတ်လုပ်သော အသားတိုးကြက်မျိုး၏ အရည်အသွေးပြန်လည်မြှင့်တင်ရန်၊ အဏုဇီဝလုံခြုံရေးကို အထူးဂရုစိုက်ရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်သွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ဝက်ဝံတောင်ခမ်း ကားလမ်းပေါ်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း တောင်ခမ်း မျိုးထိန်းမျိုးပွား ကြက်မွေးမြူရေးခြံနှင့် ကျောက်မဲ စိုက်ပျိုးမွေးမြူရေးဇုန်ရှိ စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးမောင်ထွန်း၏ စိမ်းလန်းမြေ ကုမ္ပဏီလီမိတက် လက်ဖက်ပျိုးဥယျာဉ်တို့ကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် လားရှိုးမြို့ နားဖရွာရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့်ဝက်မွေးမြူရေးခြံ၌ စိုက်ပျိုးထားသော တိရစ္ဆာန်အဆင့်မြင့်အစာဖြစ်သည့် မာကာမြက်မျိုးစိုက်ခင်း၊ ဝက်ငယ်ရုံ၊ မျိုးဝက်ရုံ၊ ဝက်သားခွဲရုံနှင့် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နားလျှံ အသားတိုး ဝက်မွေးမြူရေးခြံတို့ကို လည်းကောင်း၊ စိန်ဝတ်မှုန် ကုမ္ပဏီ ဒေသမျိုးဇစ်ဇက်စိုက် လက်ဖက်စိုက်ခင်းကိုလည်းကောင်း၊ ကုန်းမြင့်ယာမြေ ဧက ၅၀၀၀ စီမံကိန်း၌ လက်ဖက်နှင့် ရော်ဘာစိုက်ပျိုးမည့် အခြေအနေများကိုလည်းကောင်း၊ လူငယ်အားမာန်နှင့် စိန်ဝတ်မှုန် ကုမ္ပဏီလီမိတက် ရော်ဘာဧက ၄၀၀၀ စိုက်ပျိုးရေးစီမံကိန်း၌ ရော်ဘာစိုက်ပျိုးနိုင်မှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်နှင့် ဝန်ကြီး ဦးမောင်မောင်သိမ်းတို့သည် ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းရှိ ဂျန်ဘိုနွားစာမြက်စိုက်ခင်း၊ ဖရီရှန်နို့စားနွားမွေးမြူရေးခြံနှင့် တိုင်းစစ်ဌာနချုပ် HI-Y မိဘမျိုးရင်း ကြက်မွေးမြူရေးခြံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် မန္တလေးတိုင်း ထုံးဘိုရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့်ဝက်မွေးမြူရေးခြံနှင့် အောင်မြေသာစံမြို့နယ် သရက်ကုန်း ငါးမွေးမြူရေးစခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘက်စုံဖွံ့ဖြိုးရေး အလှူငွေပေးအပ်

ဆင်ဖြူကျွန်း ဇွန် ၂၄

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ ပိုးတန်းရပ် အခြေခံပညာမူလတန်းကျောင်း ဘက်စုံဖွံ့ဖြိုးရေးအလှူငွေပေးအပ်ပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး အလှူငွေပေးအပ်ခြင်း ရည်ရွယ်ချက်ကို အလှူရှင်များကိုယ်စား အငြိမ်းစား လက်ထောက် မြို့နယ်ပညာရေးမှူး ဦးမြသန်းနှင့် အငြိမ်းစား အထက ကျောင်းအုပ်ကြီးဦးအောင်ရွှေတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းရင်းမြန်မာ အလယ်တန်းကျောင်းကြီးအဖြစ် စတင်တည်ထောင်ခဲ့သူ ဆရာကြီး ဦးဖိုးသိန်း-ဆရာမကြီးဒေါ်တင့်တို့၏ မြေးများဖြစ်ကြသော ရန်ကုန်မြို့နေ အငြိမ်းစားဗိုလ်မှူးချုပ်စိုးတင့်- ဒေါ်စမ်းမြင့်တို့က ငွေကျပ် ငါးသိန်း၊ ဒေါ်ဝင်းနှင့် သားများက ငွေကျပ် တစ်သိန်း၊ မကွေးမြို့နေ ဦးမျိုးညွန့်- ဒေါ်အေးအေးမွန်တို့က ငွေကျပ် တစ်သိန်းနှင့် ဆင်ဖြူကျွန်းမြို့ ပိုးတန်းရပ်နေ ဦးဘစော-ဒေါ်အေးရွှေ သား ဦးသိန်းစိုး၊ ကိုသူရလင်းတို့က ငွေကျပ် သုံးသိန်း စုစုပေါင်း ငွေကျပ် ၁၀သိန်း ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (၁၅၈)

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ(စက်မှု) ဦးဇေမျိုးထွန်း ဦးစီး၍ ဥသျှစ်ပင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ပေးစဉ်။ (မြို့နယ်စည်ပင်)

နတ်ဖက်တဲ့ စုံတွဲများ ရုံတင်မည်

ရန်ကုန် ဇွန် ၂၄

ဇွန် ၂၅ ရက် (ယနေ့) တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများတွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ် **နတ်ဖက်တဲ့ စုံတွဲများ** ဇာတ်ကား ရုံတင်ပြသမည်ဖြစ်သည်။

၎င်းဇာတ်ကားကို စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ပုညခင်၏ ဝတ္ထုကို ကိုရွှေမိုးသက်က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာကိုဇော် (အရဏ်ဦး)က ရိုက်ကူးထားခြင်း ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အတွေးအခေါ် အယူအဆ မတူညီသည့်အခါ သူငယ်ချင်းဖြစ်စေ၊ ချစ်သူဖြစ်စေ ရေရှည်တွင် လက်တွဲမရနိုင်ဘဲ အယူအဆကြောင့် လမ်းခွဲကြရပုံကို ဒါရိုက်တာက ဟာသရောစွက် ပညာပေး ရိုက်ကူးထားသော အချစ်ဟာသဇာတ်မြူးကား ဖြစ်သည်။ ရဲအောင်၊ ပြေတီဦး၊ နန္ဒ၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်၊ ခင်မို့မို့အေး၊ အိမ့်ကြာဖြူ၊ အင်ကြင်းတို့နှင့်အတူ သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

ခန့်စည်သူ၊ ပြေတီဦး၊ ခိုင်သင်းကြည်နှင့် ခိုင်နှင်းဝေတို့ ခေါင်းဆောင်ပါဝင်ကြသည့် **ဆွေတစ်ရာမောင်တစ်ကျိပ်** ဇာတ်ကားမှာမူ မြို့လယ်ရွှေ့ဆောင်၊ စံပြနှင့် မြို့ပတ်ရွှေမန်း၊ သီတာရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ရှေးခေတ်ဂရိနတ်ဘုရားများ အချင်းချင်း တန်ခိုးပြိုင်ကြပုံကို ရှေးခေတ်နှင့် ယနေ့ခေတ် ပေါင်းစပ်၍ စိတ်ဝင်စားဖွယ် ရိုက်ကူးထားသည့် PERCY JACKSON & THE LIGHTNING THIEF ဇာတ်ကား ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

မြို့လယ်ဘုရင်ရုံတွင် နာမည်ကြီးသရုပ်ဆောင်များဖြစ်သည့် အာရှေးကူးမား၊ ပရီယန်ကာချိုပရာနှင့် လာရာဒက်ထားတို့ ခေါင်းဆောင်ပါဝင်သည့် ANDAAZ မေတ္တာဘွဲ့ ဇာတ်ကားနှင့် မြို့မရုံတွင် အိန္ဒိယတောင်ပိုင်း နာမည်ကြီးသရုပ်ဆောင် ဗီဂျေး နှစ်ကိုယ်ခွဲပါဝင်ပြီး မင်းသမီးချော နာရင်တာရား တွဲဖက်သရုပ်ဆောင်ထားသည့် VILLU ဒရာမာအက်ရှင်ဇာတ်ကား ပြသမည်ဖြစ်သည်။ (ကြေးမုံ)

နတ်ဖက်တဲ့စုံတွဲများ ဇာတ်ကားမှ ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ဟန်။ (ကြေးမုံ)

ဈေးမီးဘေး လုံခြုံရေးစစ်ဆေး

မြို့သစ် ဇွန် ၂၄

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အဖွဲ့ပိုင်ဈေးများမီးလောင်ဆုံးရှုံးခြင်းမှ ကာကွယ်ရန်အတွက် စနစ်တကျစီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိရာ မေ ၃၁ ရက်က ဈေးအတွင်း ဆိုင်ခန်းများတွင် သွယ်တန်းထားသော လျှပ်စစ်မီးကြိုးများ ကောင်းမွန်မှု ရှိ၊ မရှိ၊ ဈေးအတွင်း မီးဘေးကာကွယ်ရေး ပစ္စည်းများထားရှိမှုနှင့် မီးသတ်ရေလှောင်ကန်များ ရေဖြည့်တင်းထားရှိမှုတို့ကို အမှုဆောင်အရာရှိ ဦးသန့်နိုင်၊ မြို့နယ်လျှပ်စစ်မှူး ဦးမောင်မောင်ဦးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်မျိုးထွန်းတို့က ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။**(ယာပုံ)**

(မြို့နယ်စည်ပင်)

ကျောင်းကျန်းမာရေး ပညာပေးဆွေးနွေး

ရန်ကုန် ဇွန် ၂၄

ကျောင်းကျန်းမာရေး အဆင့်မြှင့်ကျောင်း ထူထောင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၆ ရက်က ဒလမြို့ အထက(၂)၌ ကျင်းပရာ ရန်ကုန်တိုင်း ကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စောရီက ညှိနှိုင်းဆွေးနွေးပြီး ရန်ကုန်တိုင်း ကလေးအရာရှိချုပ် ဒေါ်မြလေး၊ ကလေးအရာရှိ ဒေါ်သက်သက်နိုင်၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ ထက်/လယ်/မူ ကျောင်းအုပ်ကြီးများ၊ ကျောင်းကျန်းမာရေး ဆရာဝန်နှင့် ဝန်ထမ်းများနှင့် ကျောင်းကျန်းမာရေး ဆရာ၊ ဆရာမများ တက်ရောက်ဆွေးနွေးကြသည်။**(အပေါ်ပုံ)**

(ပညာရေး)

အဖွဲ့ပိုင်ဈေး မီးဘေးကြိုတင် ကာကွယ်ရေးစစ်ဆေး

ရွှေကူ ဇွန် ၂၄

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်သည် ဇွန် ၁၅ ရက်က ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး အဖွဲ့ပိုင်မြို့မဈေး၏ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် ဈေးမိဈေးဖတို့က လိုက်လံရှင်းလင်းတင်ပြခဲ့ပြီး ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

(မြို့နယ်စည်ပင်)

ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်

နေပြည်တော် ဇွန် ၂၄

ယနေ့ ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်အားကောင်းလာနိုင်ခြင်း ရှိ၊မရှိ စောင့်ကြည့်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ခရိုအေးရှားဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၀ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စဂျဒရန်ကာ ကိုဆာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke Sen အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)